**ဦးအေးလှိုင်ဦး ( မင်းတုန်းမြို့နယ်မဲဆန္ဒနယ်အမှတ် - ၂ )။** ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ရုံးဝန်ထမ်းများအားလုံး မင်္ဂလာပါ ခင်ဗျား ။ ကျွန်တော်ကတော့ မင်းတုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးလှိုင်ဦး ဖြစ်ပါတယ်။

ဒီနေ့ကျင်းပတဲ့ လွှတ်တော်အစည်းအဝေးမှာ ကျွန်တော်မေးမြန်းသွားမှာကတော့ တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုခဲ့သော ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းများမှ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းနှင့် နေရာပြောင်းလဲခဲ့သည့် လုပ်ငန်းများကို တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်သူ့ငွေစာရင်းကော်မတီများသို့ ပေးပို့ရေးနှင့် စပ်လျဉ်းပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ဘဏ္ဍာနှစ်အလိုက် အသုံးစရိတ်များကို သုံးစွဲမည့် အကြောင်းအရာများ ဖော်ပြလျက်သတ်မှတ်ကာလအတွင်း မကွေးတိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြပြီး မကွေးတိုင်းဒေသကြီးလွှတ်တော်မှလည်း လိုအပ်သည်များကို စိစစ်၍ အတည်ပြုပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပြန်လည်ပေးပို့ရပါတယ်။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်ထောင်စုဘဏ္ဍာကော်မရှင်သို့ အဆင့်ဆင့်တင်ပြပြီး ပြည်ထောင်စုလွှတ်တော်မှလည်း အတည်ပြုပြီးဖြစ်ပါက အဆိုပါစာရင်းများကို မကွေးတိုင်းဒေသကြီးလွှတ်တော်သို့ ထပ်မံတင်ပြကာ တိုင်းဒေသကြီးလွှတ်တော်မှ ပြန်လည်ဆွေးနွေး၍ လိုအပ်သည့်ဘဏ္ဍာရေးဆိုင်ရာဥပဒေကို အတည်ပြုခြင်း၊ ဘတ်ဂျက်စာရင်းများကိုအတည်ပြုပြီးမှသာ သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများက သုံးစွဲရန် တင်ပြထားသည့် ငွေစာရင်းများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲကြရသည်ကို အားလုံးအသိပဲဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား အချို့သောဌာန၊ အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် လွှတ်တော်မှ အတည်ပြုထားခဲ့သော လုပ်ငန်းများမဟုတ်ပဲ အခြားသောလုပ်ငန်းများကို လုပ်ငန်းနှင့် နေရာပြောင်းလဲဆောင်ရွက်ခဲ့ကြသည်များရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ယခုကဲ့သို့ လုပ်ငန်းနှင့်နေရာပြောင်းလဲဆောင်ရွက်သည်ကို ဌာနအလိုက် ဆင့်ဆင့် တင်ပြပြီးခွင့်ပြုချက်များဖြင့် ဆောင်ရွက်ခဲ့ကြမည် ဖြစ်သော်လည်း မကွေးတိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်သူ့ငွေစာရင်းကော်မတီအနေဖြင့် လုပ်ငန်းနှင့်နေရာ ပြောင်းလဲလုပ်ဆောင်ခဲ့သည်ကို သိရှိရခြင်းမရှိပါ။ ထိုသို့တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုခဲ့သော လုပ်ငန်းများအစား အခြားသောလုပ်ငန်းများ ပြောင်းလဲဆောင်ရွက်ခဲ့ခြင်းကို မသိရှိရသည့်အတွက် ပြည်သူ့ငွေစာရင်းကော်မတီအနေဖြင့် လည်းကောင်း ၊ အခြားသောသက်ဆိုင်ရာကော်မတီများအနေဖြင့် လည်းကောင်း၊ လိုအပ်ချက်အရ ကွင်းဆင်းစိစစ်ရာတွင် အဆင်မပြေမှုများ ဖြစ်ပေါ်နိုင်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား သို့ဖြစ်ပါ၍ ကျွန်တော်အထက်မှာ တင်ပြခဲ့သလို မကွေးတိုင်းဒေသကြီးလွှတ်တော်မှ အပြီးသတ်အတည်ပြုခဲ့သော လုပ်ငန်း၊ စီမံကိန်းများအစား သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်း၊ နေရာပြောင်းလဲ ဆောင်ရွက်ခဲ့သည်များကို မူလအတည်ပြုခဲ့သော လုပ်ငန်း၊ ပြောင်းလဲဆောင်ရွက်ခဲ့သည်လုပ်ငန်း ၊ ခွင့်ပြုငွေများ ဖော်ပြပြီး ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ (၆)လဘတ်ဂျက်စာရင်းမှစ၍ နောင်လာမည့် ဘက်ဂျက်နှစ်များအလိုက် မကွေးတိုင်း

ဒေသကြီးလွှတ်တော်နှင့် မကွေးတိုင်းဒေသကြီးလွှတ်တော်ပြည်သူ့ငွေစာရင်းကော်မတီသို့ ဘဏ္ဍာရေးနှစ်ဝက်တွင်တစ်ကြိမ်၊ ဘဏ္ဍာရေးနှစ်ကုန်တွင် တစ်ကြိမ်ပေးပို့နိုင်ရေး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဦးဇော်မင်း ( ဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန )။** ။ နှစ်စဉ်မကွေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို မကွေးတိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုပြီးပါက မကွေးတိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သောဌာန၊ အဖွဲ့အစည်းများကို တိုင်းဒေသကြီးရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ဘဏ္ဍာရေးခွင့်ပြုမိန့်များကို ဌာနအလိုက် ထုတ်ပေးရပါသည်။ ဌာန၊ အဖွဲ့အစည်းများမှလည်း ခွင့်ပြုထားသည့် ရငွေနှင့်အသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ရသုံးခန့်မှန်းခြေစာရင်းများကို (၆)လခန့်ကြိုတင်ခန့်မှန်းရေးဆွဲရသည့်အတွက် မူလလျာထားချက်နှင့် လုပ်ငန်းများပြောင်းလဲမှုများ ရှိလာနိုင်ပါသည်။ ထို့ကြောင့် ရန်ပုံငွေ လွှဲပြောင်းသုံးစွဲခြင်းဆိုင်ရာကိစ္စရပ်များ ဖြစ်ပေါ်လာနိုင်ပါသည်။

သို့ဖြစ်ပါ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းနှင့်ပတ်သက်၍ လိုက်နာရမည့် ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများကိုလည်းကောင်း၊ ပြည်ထောင်စု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ (၁.၄.၂၀၁၇) ရက်စွဲဖြင့် ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ်(၃၅/၂၀၁၇)၏ အခန်း(၆)၊ အပိုဒ် ၅၄၊ ၅၅ တို့တွင် ဖော်ပြထားသည့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းကိုလည်းကောင်း တိကျစွာ လိုက်နာ ဆောင်ရွက်ကြရန် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံးသို့ အကြောင်းကြားထားပြီးဖြစ်ပါသည်။

ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏(၂.၅.၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၅၈၀/ ၂၄၂ - ရန်ပုံငွေ ၃-၁/ အဖရ ( ၂၀၁၇ )ဖြင့် အကြောင်းကြားသည့်စာအား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၁၂.၅.၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၄/၇-၃၂(စဘစ/၁၀၀) ဦး ၆ ဖြင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများအားလုံးသို့ ထပ်ဆင့် အကြောင်းကြားထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အကြောင်းကြားစာနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းတို့တွင် ရန်ပုံငွေလွှဲပြောင်းသုံးစွဲရာ၌ လစာစရိတ်၊ ဧည့်ခံကျွေးမွေးစရိတ်များကို လွှဲပြောင်းသုံးစွဲခြင်း မပြုရန်၊ လုပ်ငန်းများအတွက် တင်ဒါခေါ်ယူပြီး ပိုငွေများ၊ ရန်ပုံငွေလွှဲပြောင်းခြင်း ပြုလုပ်ပြီးသော ကိစ္စရပ်များနှင့် Luxury ပစ္စည်းဝယ်ယူခြင်းတို့ကို လွှဲပြောင်းသုံးစွဲခြင်း မပြုရန်၊ လွှတ်တော်တွင် ကတိကဝတ်ပြုထားသည့် ကိစ္စရပ်များ၊ ဖြည့်စွက်ခွင့်ပြုငွေအဖြစ် တောင်းခံထားသည့် ရန်ပုံငွေများနှင့် အသစ်ဖြစ်သော အသုံးစရိတ်များကို လွှဲပြောင်းသုံးစွဲခြင်း မပြုရန် ညွှန်ကြားထားပါသည်။

အထက်ဖော်ပြပါကိစ္စရပ်များမှလွှဲ၍ သာမန်အသုံးစရိတ် ငွေစာရင်းခေါင်းစဉ်တစ်ခုမှ ပိုငွေကို မဖြစ်မနေလိုအပ်သော အခြားသာမန်ငွေစာရင်းခေါင်းစဉ်၏လိုငွေသို့ ရန်ပုံငွေလွှဲပြောင်းသုံးစွဲပါကတိုင်းဒေသကြီးရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ သဘောထားမှတ်ချက်ရယူပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ငွေလုံးငွေရင်း အသုံးစရိတ် ငွေစာရင်းခေါင်းစဉ် တစ်ခုမှ ပိုငွေကို မဖြစ်မနေ လိုအပ်သော အခြား ငွေလုံးငွေရင်း ငွေစာရင်းခေါင်းစဉ်၏ လိုငွေသို့ ရန်ပုံငွေ လွှဲပြောင်းသုံးစွဲမည်ဆိုပါက လိုငွေပေါ်ပေါက်သည့် ကိစ္စရပ်သည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်၏ ဒေသန္တရစီမံကိန်းတွင် ပါဝင်ရမည် ဖြစ်ပြီး တိုင်းဒေသကြီး ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်း ထားသည့် တိုင်းဒေသကြီး စက်ပစ္စည်းကြီးကြပ်မှုနှင့် ဆောက်လုပ်ရေးကော်မတီ (ငွေလုံးငွေရင်း)တို့၏ သဘောထားမှတ်ချက်များရယူ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည် ဖြစ် သည်။

ထိုအသုံးစရိတ်များ ပြောင်းလဲခြင်းနှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မတီများအားလုံး အသေးစိတ် သိရှိနိုင်ရန် မူလဘတ်ဂျက်ပါစာရင်းများ ပြောင်းလဲ ပြုလုပ်လိုက်သော လုပ်ငန်းများ၊ ခွင့်ပြုငွေများ၊ ပြောင်းလဲလုပ်ကိုင်ရသော အကြောင်းအရင်းများပါ ရေးသွင်းပြီး ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနအား စိစစ်စေ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီးလွှတ်တော်သို့ ဘဏ္ဍာရေး နှစ်ဝက်တွင် (၁)ကြိမ်၊ ဘဏ္ဍာရေးနှစ်ကုန်တွင် (၁)ကြိမ် ပေးပို့သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါ သည်။

**ဦးဝင်းဌေး (မြိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် -၂)။** ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဌေးဖြစ်ပါတယ်။ ကျွန်တော်မေးမဲ့ မေးခွန်း ကတော့ ဆောင်းချေးငွေ ထုတ်ချေးရာတွင် အခက်အခဲဖြစ်ပေါ်နေသည့် တောင်သူများကို မည်ကဲ့သို့ ကူညီ ဆောင်ရွက်မည်ကိုသိရှိလိုသောကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးအား မေးမြန်း သွားမှာဖြစ်ပါသည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်ပါတယ်။ (၇၅)ရာခိုင်နှုန်းရှိသော ပြည်သူအများစု သည် စိုက်ပျိုးရေးကို အခြေခံကာ အသက်မွေးဝမ်းကျောင်းပြုနေသူများဖြစ်ပါတယ်။ တောင်သူအများစု သည် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ မိုးရာသီစိုက်စရိတ် ချေးငွေနှင့် ဆောင်းချေးငွေများကို အားကိုး အားထားပြုခဲ့ရပါတယ်။ ၂၀၁၈ မိုးချေးငွေမှစ၍ ပုံစံ(၇)မူရင်းများကို အာမခံအဖြစ် အပ်နှံစေပြီးမှ ချေးငွေ ထုတ်ချေးခဲ့သောကြောင့် နောက်ထပ်ချေးငွေတစ်မျိုး ချေးယူလိုပါက သီးခြားပုံစံ(၇)တင်ပြရမည် ဖြစ်ပါ သဖြင့် အခြားပုံစံ(၇)ရှိသူများသာ စာရင်းကောက်ယူ လျာထားသဖြင့် ဆောင်းချေးငွေထုတ်ယူလိုသော တောင်သူများမှာ များစွာခက်ခဲနေရပါသည်။

ဥပမာ - (မြိုင်မြို့နယ်)

၂၀၁၇ ဆောင်းချေးငွေ ၁၈၁၅၂ ဧက ချေးနိုင်ခဲ့ပါတယ်။

၂၀၁၈ ဆောင်းချေးငွေ ၅၂၆၀ ဧက ချေးနိုင်ခဲ့ပါတယ်။

ဧက ၁၂၈၉၂ ဧက လျော့နည်းနေတာကို တွေ့ရှိရပါတယ်။

သို့ဖြစ်ပါသောကြောင့် ဆောင်းချေးငွေထုတ်ချေးရာတွင် အခက်အခဲဖြစ်နေသည့် တောင်သူများ အတွက် မည်ကဲ့သို့ ကူညီရမည်ကို သိရှိလိုပါသောကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးအား မေးမြန်းအပ်ပါသည်။

**ဦးဇော်မင်း ( ဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန )။** ။ မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ရာသီအလိုက် ထုတ်ချေးပေးလျက်ရှိသော ချေးငွေများအတွက် ယခင်နှစ်များက တောင်သူလယ်သမားများ၏ ပုံစံ(၇) မိတ္တူများဖြင့် (၃)ဦး အစုအဖွဲ့၏ အချင်းချင်းအာမခံချက်ဖြင့် ချေးငွေ များကို ထုတ်ချေးပေးထားခဲ့ပါသည်။

သို့သော်လည်း ယခုနှစ် ၂၀၁၈ မိုးချေးငွေမှစတင်၍ တောင်သူလယ်သမားများ၏ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များကို ဘဏ်မှအာမခံအဖြစ် ရယူ၍ ကိုယ်တိုင်အာမခံစနစ်ဖြင့် ပြောင်းလဲ ထုတ်ချေးလာခဲ့ပါသည်။ ယခင်က မိမိ၏ အစုအဖွဲ့တွင် တစ်ဦးတစ်ယောက် ချေးငွေပြေကျေမှု မရှိခဲ့ပါက အစုအဖွဲ့များအားလုံး ချေးငွေသစ်ကို ထုတ်ချေးခွင့်မရှိ ဖြစ်ခဲ့ရပါသည်။ ဤကဲ့သို့ အစုအဖွဲ့ဝင် တစ်ဦးဦးမှ ချေးငွေမပြေကျေ၍ အစုအဖွဲ့ဝင်များအားလုံး နစ်နာမှုမရှိရလေအောင် တောင်သူတစ်ဦးချင်း ကိုယ်တိုင် အာမခံစနစ်သို့ ယခု ၂၀၁၈ မိုးရာသီမှစ၍ ပြောင်းလဲခဲ့ခြင်းဖြစ်ပါသည်။

အလားတူပင် ယခင်နှစ်များက မိုးနှင့်ဆောင်း ချေးငွေ(၂)မျိုး ထုတ်ချေးယူသော တောင်သူလယ်သ မားများအနေဖြင့် ချေးငွေအမျိုးအစားတစ်ခု မပြေကျေမီ နောက်ချေးငွေကို ချေးယူနိုင်သော်လည်း ယခုနှစ် တွင်မူ တောင်သူများ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)၏ ညွှန်ကြားချက်ပါ အပိုဒ်(၈)အရ ငွေချေးယူသူ တစ်ဦးသည် ဘဏ္ဍာနှစ်တစ်ခုအတွင်း စိုက်ပျိုး စရိတ်ချေးငွေ တစ်မျိုးချေးယူပြီးနောက် အဆိုပါချေးငွေ အချိန်မစေ့မီ နောက်ထပ် ချေးငွေတစ်မျိုးကို ထပ်မံ ချေးယူလိုပါက (ဥပမာ - မိုးချေးငွေ ချေးယူပြီး ဆောင်းချေးငွေ ထပ်မံချေးယူလိုခြင်းကဲ့သို့) စိုက်ပျိုးသည့် ကွင်း/ဦးပိုင်မတူလျှင် ချေးယူခွင့်ရှိမည်ဖြစ်ပြီး ဆောင်းချေးငွေအတွက် သီးခြားပုံစံ(၇)ကို ဘဏ်သို့ အပေါင် ပေးရမည်ဖြစ်ပါသည်။ အကယ်၍ မြေတစ်နေရာထဲတွင် သီးထပ်စိုက်ပျိုးခြင်းဖြစ်ပါက ပထမချေးငွေ ပြေကျေပြီးမှသာ ဒုတိယချေးငွေကို ချေးယူခွင့် ရှိမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တောင်သူများအနေဖြင့် ဘဏ္ဍာနှစ်တစ်ခုအတွင်း စိုက်ပျိုးစရိတ်ချေးငွေ တစ်မျိုးထက်ပို၍ ရယူလိုပါက ပထမချေးငွေ ပြေကျေစွာ ပေးဆပ်ပြီးမှ ဒုတိယချေးငွေကို ထုတ်ယူခွင့်ရမည်ဖြစ်ပါသည်။ တောင်သူများအနေဖြင့် ကွင်း/ ဦးပိုင်အမှတ် တူညီနေသော မြေယာများကို လုပ်ကိုင်နေသူများအနေဖြင့် ယခုအခါ ပထမချေးယူခဲ့သည့် မိုးသီးနှံများ ထွက်ပေါ်နေပြီဖြစ်၍ ပြေကျေစွာ ရှေးဦးပေးဆပ်၍ ဒုတိယ ဖြစ်သော ဆောင်းရာသီအတွက် ချေးငွေကို ထုတ်ယူကြရန်ဖြစ်ပါသည်။

၂၀၁၈ ခုနှစ်၊ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ(မိုးချေးငွေ)အား (၂၀၁၈ ခုနှစ်၊ မေ/ဇွန်)ကာလအတွင်း ထုတ်ချေးရန် ရည်ညွှန်းထုတ်ပြန်ခဲ့သော်လည်း (ဇူလိုင်/ဩဂုတ်)လအထိ ထုတ်ချေးခွင့်ပြုခဲ့ပါသည်။ ချေးငွေ ပေးဆပ်ရန် ကာလမှာလည်း ၂၀၁၉ ခုနှစ်၊ ဧပြီလ (၁၅)ရက်နေ့အထိ ဖြစ်ပါသည်။ ချေးငွေကောက်ခံရန် ကာလမှာလည်း ဘဏ်ချေးငွေဆိုင်ရာ သီးနှံထွက်ပေါ်ချိန်ကာလမှ စတင်ပေးဆပ်ခွင့်ပြုထားပြီး (၁၅.၄.၂၀၁၉)နောက်ဆုံးပေးဆပ်ရန် သတ်မှတ်ထားရှိပါသည်။ ၂၀၁၈ ခုနှစ်၊ ဆောင်းချေးငွေအနေဖြင့် လည်း ယခင်နှစ် ချေးငွေညွှန်ကြားစာများအရ နှစ်စဉ်(အောက်တိုဘာလမှဒီဇင်ဘာလကုန် အထိ)အပြီးသတ်

ထုတ်ချေးရန် ညွှန်ကြားမှုပြုထားသလို ထုတ်ချေးသည့်ပြက္ခဒိန်နှစ်၏ နောက်နှစ်ပြက္ခဒိန် ဇွန်လကုန်တွင် နောက်ဆုံးပေးဆပ်ရန် ညွှန်ကြားမှုရှိခဲ့ပါသည်။

သို့ပါ၍ မိုးထုတ်ချေးသည့် ဘဏ်အဖွဲ့ဝင်အနေဖြင့် သီးနှံပေါ်ကာလတွင် ပေးဆပ်မှုမပြုဘဲ မိုးကာလတွင် ရရှိသီးနှံအား ရောင်းချ၍ ဆောင်းရာသီသီးနှံ စိုက်ပျိုးမှုအတွက် ရင်းနှီးမြှုပ်နှံဆောင်ရွက်ပြီး ဆောင်းရာသီသီးနှံ ထွက်ပေါ်ကာလ ဖေဖော်ဝါရီလမှ ဧပြီလအတွင်း ပြန်လည်ပေးဆပ်ပိုင်ခွင့် ရရှိပြီးဖြစ်ရာ ဆောင်းချေးငွေအတွက် သီးခြားစိုက်ပျိုးစရိတ် ထုတ်ယူခွင့်အား လိုအပ်မှုမရှိနိုင်ဟု ဖြစ်တည်နေပါသည်။

ချေးငွေပေးဆပ်ရန် နောက်ဆုံးရက် ကျော်လွန်ပြီးမှ ဆပ်ပါက ကျော်လွန်သည့်ကာလအတွက် ဒဏ်ကြေးအနေဖြင့် တစ်လလျှင် (၁%)နှုန်း အတိုးကို ကျော်လွန်ကာလအတွက် ပေးဆောင်ရမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသက်နိုင်(မြိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်-၁)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မြိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသက်နိုင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကွမ်းတောကျေးရွာရှိ ကွမ်းတောချောင်းရေတိုက်စားမှု၊ ကမ်းပါးပြိုကျမှုများ နှစ်စဉ်မိုးရာသီ ကာလရောက်တိုင်း ကြုံတွေ့ခံစားနေရပါသဖြင့် အချိန်မီ တားဆီးဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါသောကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြိုင်မြို့နယ်ရှိ ကွမ်းတောကျေးရွာအုပ်စု၊ ကွမ်းတောကျေးရွာ တစ်ရွာ တစ်အုပ်စု ဖြစ်ပြီး အိမ်ထောင်စုပေါင်း (၄၇၀)ကျော် ခန့်နှင့် လူဦးရေ(၂၁၄၇)ဦးခန့် နေထိုင်လျှက်ရှိပါတယ်။ ကျေးရွာ၏ တောင်ဘက်မှ အရှေ့ဘက်ဆီသို့ ဦးတည်စီးဆင်းနေသော ချောင်းတစ်ချောင်းလဲ ရှိနေပါတယ်။

၎င်းချောင်း၏ ကမ်းပါးများဟာ နှစ်စဉ်ဆိုသလို ရေတိုက်စားမှုကြောင့် ကျေးရွာ၏ အရှေ့ဘက်ခြမ်းမှ အိမ်ခြေ(၈၀)ခန့်ကို နှစ်စဉ်ရေလွှမ်းမိုးခံနေရပြီး ယခုအခါ နေအိမ်များပါ ရွှေ့ပြောင်းရမည့် အနေအထားကို ရောက်ရှိတော့မှာ ဖြစ်ပါတယ်။ ယခုနှစ် ဇွန်လအတွင်း ရွာသွန်းခဲ့သော မုန်တိုင်းမိုးကြောင့် ကမ်းပါးပြိုကာ လူနေအိမ်(၁)လုံး မျောပါပျက်စီးခဲ့ပြီးလဲဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ယခုအချိန်မီ ကာကွယ်တားဆီးနိုင်ပါက ကျေးရွာနေပြည်သူတို့၏ စိုးရိမ်ပူပန်မှုကို သက်သာစေမှာဖြစ်သလို ဆုံးရှုံးမှုများကိုလည်း တားဆီးကာကွယ်ရာ ရောက်မှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာဌာနများအနေဖြင့် ကျေးရွာနေပြည်သူများ၏ နေအိမ်များ ပျက်စီးဆုံးရှုံးမှ ထောက်ပံ့ငွေများ ပေးအပ်ကူညီသည်ထက် ယခုလိုကြိုတင်စီမံဆောင်ရွက် ထားရှိပါက များစွာအကျိုးကျေးဇူးရှိနိုင်တာမို့ ကွင်းဆင်းကြည့်ရှုပြီး အမြန်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါသဖြင့် ကွမ်းတောကျေးရွာပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးတင်နွယ်ဦး ( ဝန်ကြီး၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန )။** ။ ကွမ်းတောကျေးရွာသည် မြိုင်မြို့နယ် ပုသိမ် - မုံရွာလမ်းပေါ်တွင် တည်ရှိသော ကျေးရွာကြီး တစ်ရွာဖြစ်ပါသည်။ ကွမ်းတောကျေးရွာသည် ယခင်မြေအောက်အဝိစိတွင်းများ မရခင်ချိန်မှ ကျေးရွာရှိ မြေသားကန်(၂)ကန်

အတွင်း ကျေးရွာအထက်ရှိ ချောင်းအား တာဘောင်ပြုလုပ်ကာ ရေရယူ သုံးစွဲခဲ့ကြပါသည်။ ယခင်က မြေသားကန်(၂)ကန်အား နှစ်စဉ်ပြုပြင် ထိန်းသိမ်းပေးခြင်း၊ ချောင်းရေသွင်းမြောင်းအား နှစ်စဉ်ရွာလုပ်အားဖြင့် ပြုပြင်ထိန်းသိမ်းခဲ့ရာ ချောင်းရေစီးဆင်းမှု အဟန့်အတား တစ်စုံတစ်ရာ မရှိခြင်းကြောင့် ရေကြီးရေလျှံမှု မဖြစ်ပွားခဲ့ကြောင်း သိရှိရပါသည်။

၂၀၀၃ ခုနှစ် ကွမ်းတောဘုန်းတော်ကြီးကျောင်း အဝိစိတွင်းရရှိပြီး ကျေးရွာအတွက် ရေပေးရာမှ အဆိုပါမြေသားကန်ကြီး(၂)ကန်နှင့် ချောင်းရေသွင်းမြောင်းများ ထိန်းသိမ်းမှုမရှိခဲ့ရာမှ ချောင်းရေသွင်းမြောင်း တိမ်ကောလာခဲ့ပါသည်။ ထိုအပြင် ၂၀၁၀ ခုနှစ် ပုသိမ် - မုံရွာလမ်းဖြတ် ကန်ရေသွင်းချောင်းအား တံတားတည်ဆောက်ရာ တံတားအကျယ် လုံလောက်မှု မရှိကြောင်း တွေ့ရှိရပါသည်။

၂၀၁၁ ခုနှစ် O2B မုန်းတိုင်းမိုး သည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ချောင်းရေထုးကဲစွာ ကျဆင်းလာခဲ့ရာမှ ကန်ရေသွင်းမြောင်းများ တိမ်ကောနေမှု၊ ပုသိမ် - မုံရွာဖြတ်တံတား ကျဉ်းမြောင်းနေခြင်းကြောင့် ကျေးရွာအတွင်းသို့ ရေအလုံးအရင်းနှင့်ဝင်ရောက်ခဲ့ရာမှ အိမ်ခြေ(၂၀၀)အား ချောင်းရေ(၃)ပေခန့် လွှမ်းမိုးခံခဲ့ရပြီး ချောင်းရေတိုက်စားမှုကြောင့် လူနေအိမ်(၇)လုံး မျောပါခဲ့ရပါသည်။ ၂၀၁၈ ခုနှစ်၊ ဇွန်လဆန်းပိုင်းနှင့် စက်တင်ဘာလ မိုးများရွာသွန်းမှုကြောင့် ကျေးရွာအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာမှ လူနေအိမ်(၂၀)ခန့် ချောင်းရေတိုက်စားခံရ၍ နေရာ ရွှေ့ပြောင်းခဲ့ရပါသည်။

ကွမ်းတောကျေးရွာ ကွမ်းတောချောင်းရေကြီးရေလျှံမှုနှင့် ရေတိုက်စားမှုများအား ကာကွယ်ရန် ယခင်တည်ဆောက်ခဲ့သော ချောင်းပိတ်ဆည်တာဘောင်အား ရေခွဲစီးဆင်းစေရန်အတွက် တာဘောင် အမြင့် တစ်ခုတင်ပေးရန်၊ ကန်ရေသွင်းမြောင်းတိမ်ကောနေမှုအား လိုအပ်သော အကျယ်၊ အနက် ရရှိစေရေး ပြန်လည်တူးဖော်ရန်၊ ပုသိမ် - မုံရွာချောင်းဖြတ်ကူးတံတား အကျယ်ချဲ့ပေးခြင်းများအား ဆောင်ရွက်ပေးသင့်ပါသည်။ ထိုအပြင် ကျေးရွာအားကွမ်းတောချောင်းရေ တိုက်စားမှုများမှ ကာကွယ်ရန် ချောင်းရေစီးရေလာ ကောင်းမွန်စေရေး ပြန်လည်တူးဖော်ရန်နှင့် ကမ်းပါးများ ထိန်းသိမ်းရန်အတွက် Steel Basket အခြေပြုကမ်းထိန်းများ ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။

အဆိုပါ ကွမ်းတောချောင်းရေကြီးရေလျှံမှုနှင့် ရေတိုက်စားမှုများအား ကာကွယ်ရန် ၂၀၁၈ -၂၀၁၉ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးနှင့် ပြည်ထောင်စုရန်ပုံငွေတို့တွင် ထည့်သွင်းလျာထားခြင်း မရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးဝင်းဌေး(မြိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်- ၂)။** ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တော့ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဌေး ဖြစ်ပါတယ်။ ကျွန်တော် ကတော့ ကျေးလက်လမ်းကော်မတီများ၏ လုပ်ပိုင်ခွင့်နှင့် ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးအစိုးရအနေနဲ့ ကျေးလက်နှင့် မြို့ပြကွာခြားမှုမရှိအောင် ကြိုးစားနေပါတယ်။ ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်စေရန်အတွက် ဘတ်ဂျက်များစွာ ချထားပေးလျက် ရှိသည်ကို တွေ့နေရပါတယ်။ Mini ဘတ်ဂျက်တွင် (၅) ဘီလီကျော်နှင့် ၂၀၁၈-၂၀၁၉ Main ဘတ်ဂျက်တွင် (၂၅) ဘီလီသန်း သုံးစွဲရန် လျာထားသည်ကို တွေ့ရှိရပါတယ်။ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ရာတွင်

ကျေးရွာလူထုကိုယ်တိုင် ပါဝင်တဲ့ လမ်းကော်မတီများဖြင့် ဆောင်ရွက်နေတာကို တွေ့နေရပါတယ်။ ဒါဟာ ကောင်းမွန်တဲ့ လက္ခဏာလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ကော်မတီနေနဲ့ (၂၅)မြို့နယ် လေ့လာတဲ့အခါမှာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရည်ရွယ်ချက်အတိုင်း ဆောင်ရွက်နိုင်တဲ့ မြို့ရွာများ ရှိသလို မဆောင်ရွက်နိုင်တဲ့ မြို့နယ်အများမပြားကိုလည်း တွေ့ရှိရပါတယ်။ တစ်ချို့မြို့နယ်များတွင် ကော်မတီစာရွက်အပေါ်မှာပဲ ရှိနေပြီး ဌာနမှ လုံးဝပူးပေါင်းဆောင်ရွက်ခြင်း မရှိသည်ကို တွေ့ရပါတယ်။ တစ်ချို့မြို့နယ်များမှ ကော်မတီများက ကျွန်တော်တို့ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးကော်မတီဝင်များနှင့် တွေ့ဆုံတဲ့အခါ ကော်မတီများအနေနှင့် မည်မျှအထိ ပူးပေါင်းဆောင်ရွက်ခွင့်ရှိသည်ကို မေးမြန်းကြပါတယ်။

သို့ဖြစ်ပါသောကြောင့် လမ်းကော်မတီများအနေဖြင့် -

(၁) စက်ယန္တရား ငှားရမ်းရာတွင် ပါဝင်ခွင့် ရှိ/မရှိ

(၂) တစ်နေ့ချင်း ကုန်ကျစရိတ်ကို ပူးပေါင်းမှတ်ခွင့် ရှိ/မရှိ

(၃) တကယ်လို့ တိုးချဲ့ခဲ့လျှင် မည်ကဲ့သို့ဆောင်ရွက်မည်ကို ပူးပေါင်းပါဝင်ညှိနှိုင်းခွင့် ရှိ/မရှိကို သိရှိလိုသောကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးအား မေးမြန်းအပ်ပါသည်။

**ဦးတင်နွယ်ဦး ( ဝန်ကြီး၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန )။** ။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်း၊ တံတား လုပ်ငန်းများအား ကျေးရွာကော်မတီများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ကျေးလက်လမ်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လုပ်ငန်းမစတင်မီ လုပ်ငန်းများအား ချပြရှင်းလင်းခြင်း၊ ဆောင်ရွက်မည့် အတိုင်းအတာ၊ ဒီဇိုင်း၊ လမ်းအကျယ်ရရှိရေး မြေယာကိစ္စ၊ ခွင့်ပြုရန်ပုံငွေစသည်ဖြင့် ကျေးရွာကော်မတီများနှင့် သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များအား ချပြရှင်းလင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်ပါသည်။ ထိုသို့ ပြည်သူအား စီမံကိန်း ချပြရှင်းလင်းမှု အားနည်းခဲ့သည့် လုပ်ငန်းများ ရှိကောင်း ရှိနိုင်သော်လည်း လုပ်ငန်းအများစုကို ပြည်သူ့အားကို ယူ၍ တာဝန်ကျ ဌာနဝန်ထမ်းများက အကောင်အထည်ဖော်နေခြင်းဖြစ်ပါသည်။ ကျေးရွာကော်မတီဝင်များသည် လုပ်ငန်းစတင်ဆောင်ရွက်ရာတွင် လမ်းအကျယ်မြေနေရာ ရရှိရေး၊ လုပ်ငန်းဆောင်ရွက် နေစဉ်ကာလအတွင်း အတိုင်းအတာမှန်ကန်မှု ရှိ/မရှိ၊ စက်ယန္တရား သုံးစွဲမှု အခြေအနေ၊ အခွန်ပေးသွင်းရသည့် အခြေအနေများအား ချပြရှင်းလင်း ပူးပေါင်းဆောင်ရွက်ပါသည်။ လုပ်ငန်းအတိုင်းအတာ ပြောင်းလဲဆောင်ရွက်လိုပါက ကျေးရွာလမ်းကော်မတီ၊ သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ကျေးလက်လမ်းများကို အကောင်အထည်ဖော် ဖောက်လုပ်ရာတွင် အခြေခံအားဖြင့် မြေထိုးစက် (Dozer)၊ မြေတူးစက် (Backhoe)၊ မြေညှိစက်(Grader)၊ မြေသိပ်သည်းစက်(Compactor)၊ လမ်းကြိတ်စက်(Roller)နှင့် မြေသယ်ကားများ လိုအပ်ပါသည်။ လုပ်ငန်းတစ်ခုချင်းစီတွင် ၎င်းစက်ယန္တရားများ အစုံလိုက် ရှိနေရန် လိုအပ်ပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာငွေဖြင့် ဝယ်ယူထားပြီး မြို့နယ်များတွင် ဖြန့်ကျက်ထားသော စက်ယန္တရားများ အားလုံးကို ပြန်လည်စုစည်းမည် ဖြစ်ပါသည်။

၂၀၁၈ - ၂၀၁၉ (၁၂)လရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်းလုပ်ငန်းများတွင် ထပ်မံလိုအပ်မည့် စက်၊ ယာဉ်ယန္တရား ငှားရမ်းမည့် ကုမ္ပဏီ/အဖွဲ့အစည်းများနှင့် ဒေသခံလုပ်ငန်းရှင်များကို ဈေးပြိုင်စနစ်ဖြင့် ငှားရမ်းခဈေးနှုန်းများ တင်သွင်းစေပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူကာ ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း တစ်နေ့တာ ဆောင်ရွက်သည့် လုပ်ငန်းပမာဏ၊ သုံးစွဲသည့် စက်အရေအတွက်၊ လုပ်ငန်းလုပ်ကိုင်သည့်နာရီတို့ကို သက်ဆိုင်ရာ လမ်းကော်မတီများက စာရင်းရေးမှတ်ခြင်းနှင့် လုပ်ငန်းတည်နေရာ ဒေသအလိုက် ဆောင်ရွက်သင့်သည်များကို ပူးပေါင်းဆောင်ရွက်ပါမည်။

ကျေးရွာလမ်းကော်မတီသည် စာရွက်ပေါ်မှာသာ ရှိနေခြင်းမျိုးမဟုတ်ဘဲ လုပ်ငန်းအကောင်အထည်ဖော်ရာတွင် အမှန်အသက်ဝင်နေအောင် မြို့နယ်အလိုက် (၂)ပတ် (၁)ကြိမ် လုပ်ငန်း တိုးတက်မှု အခြေအနေကို တင်ပြစေမည်ဖြစ်ပါသည်။ ကော်မတီအနေဖြင့် ဘဏ္ဍာရေးကိစ္စများတွင် ဝင်ရောက် စီမံခန့်ခွဲခွင့်ရမည်မဟုတ်ပါသော်လည်း လုပ်ငန်းခွင်တွင် အမှန်တကယ် ကုန်ကျစရိတ် ငွေများကို ချင့်ချိန်နိုင်ကြသူများပင်ဖြစ်ကြရာ တိုင်းဒေသကြီး တာဝန်ခံမှတစ်ဆင့် အစိုးရအဖွဲ့ထံ စာဖြင့် တင်ပြနိုင်ပါမည်။ လုပ်ငန်း အကောင်အထည်ဖော်သည့်ဌာနနှင့် ကော်မတီတို့၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ခွင့်ပြုထားသည့် ရန်ပုံငွေဖြင့် လုပ်ငန်း ပမာဏတိုး၍ လုပ်နိုင်ခဲ့ပါကလည်း အစိုးရအဖွဲ့ထံ သက်ဆိုင်ရာဌာနတာဝန်ရှိသူများက တင်ပြရမည်ဖြစ်ပါသည်။ အကောင်အထည်ဖော်သည့် ဌာနအနေဖြင့် လုပ်ငန်းတစ်ခု၏ ခန့်မှန်းခြေတွက်ချက်မှု စာရင်းများကို တရားဝင် ပြဌာန်းခွင့်ပြုထားသော Analysis of Rates သတ်မှတ်စံနှုန်းများနှင့်အညီ တွက်ချက်ရသည်ဖြစ်ရာ မကိုက်ညီလျှင် စာရင်းစစ်၏ ကန့်ကွက်ခြင်းကို ခံရမည်ဖြစ်ပါသည်။ ထိုသို့ တွက်ချက်ထားမှုများကို သက်ဆိုင်ရာ(ရုံးချုပ်)၏ Technical Sanction(နည်းပညာခွင့်ပြုချက်) ရရှိမှသာ လုပ်ငန်း အကောင်အထည်ဖော်ရန်နှင့် ကုန်ကျငွေများကို သတ်မှတ်ချက်အလိုက် ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ပါသည်။ Technical Sanction (နည်းပညာခွင့်ပြုချက်)ကျမှသာ လုပ်ငန်းအကောင်အထည်ဖော်ပါက လုပ်ငန်းများ နှောင့်နှေး၍ မပြီးစီးနိုင်မည်ဖြစ်ရာ လုပ်ငန်းသုံး အမှန်ကုန်ကျငွေများအနက်မှ စက်သုံးဆီဖိုးကဲ့သို့သော ကုန်ကျငွေကို Temporary Advance ရရှိနိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြ၍ ခွင့်ပြုချက်ရရန် ကြိုးပမ်းမည်ဖြစ်ပါသည်။

ထို့ကြောင့် ကော်မတီများက မှတ်တမ်းတင်ထားသော စက်အသုံးပြုသည့် နာရီ၊ လုပ်ငန်း ပမာဏများသည် ခန့်မှန်းတွက်ချက်မှုနှင့် အနည်းငယ် ကွာဟနိုင်သည်ဖြစ်ရာ တာဝန်ယူသည့် ဌာနဝန်ထမ်းများနှင့် ကော်မတီဝင်များက လူ့သိက္ခာရှိရှိ ပြည်သူ့အကျိုးအတွက် လုပ်ငန်းများ ပိုမို အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ချထားရန်ပုံငွေဖြင့် လုပ်ငန်း ပမာဏကို အရည်အသွေးပြည့်ဝစွာ တိုးချဲ့လုပ်ဆောင် အကောင်အထည်ဖော်နိုင်ရေး အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။